ယုံကြည်မှုအပြည့်အဝနဲ့ ခိုင်မာတဲ့ ဆုံးဖြတ်ချက်တွေ ရှိနေတဲ့ စိတ်ပိဉာဉ်တွေရဲ့
တက်ကြွမှုဟာသမိုင်းကြောင်းတစ်ခုလုံးကိုပြောင်းလဲပစ်နိုင်ပါတယ်။ (မဟာတ္တမဂန္ဒီ)

# ဂန္ဒီ၏ထူးချွန်ပြောင်မြောက်သော ခေါင်းဆောင်မှုပညာ



ပီ၊အေ၊နာဂဇရက်သ် ရေးသားသော စာအုပ်ကို
ဟိန်းလတ် မြန်မာပြန်ဆိုသည်။

## ရည်ညွှန်းချက်

ဤစာအုပ်သည် မုဆိုးမတစ်ဦး၏ စိုးစဉ်းမျှသော အားမာန်ဖြင့် "ဆာဗိုဒါယ"နိုင်ငံတကာဂေါပကအဖွဲ့ကို ပထမဦးဆုံး ကူညီထောက်ပံ့ခဲ့သည့် ကွယ်လွန်သူ ကျွန်တော်၏ မိခင်ကြီး "အဲလစ်ဖဘတ်သ် လူစီဇာရက်သ်" အား ရည်ညွှန်းပါသည်။

**ပီ၊ အေ၊ နာဇာရက်သ်**

## ဘဝအတွက် ချီးမွမ်းထောပနာ

ဘဝဆိုတာ အနှစ်မရှိတဲ့ အိပ်မက်တစ်ခု

စိတ်ဆိုတာ နိုးထမှုမရှိတဲ့ သေဆုံးမှုဖြစ်ပြီး

အရာရာတိုင်းဟာ ထင်ထားသလို မဟုတ်ဘူး ဆိုတဲ့

ပူဆွေးဝမ်းနည်းစရာ အကြောင်းတွေ ငါ့ကို လာမပြောပါနဲ့။

တကယ်တော့ ဘဝဆိုတာ အစစ်အမှန်တစ်ခုဖြစ်သလို တက်ကြွရိုးရှင်းတယ်

ကိုယ့်ရဲ့ စိတ်ကို ရှင်းလင်းနေအောင် ပြင်ဆင်ထားနိုင်ဖို့ ပဲ အမှန်လိုအပ်တယ်။

ကျယ်ပြောတဲ့ စစ်မြေပြင်လို လှုပ်ရှားရုန်းကန်မှု ပြည့်နေတဲ့ ဘဝ

ခေတ္တခဏ လာရောက်နားခိုခွင့်ရတဲ့ ဘဝမှာ

ကိုယ့်ကိုယ်ကို အစုတ်အပြတ် အညစ်အကြေးစွန်းပစ်ရာ အမှိုက်ပုံတစ်ခုလို၊

နှင်တံအောက် ကျွဲနွားတစ်ကောင်လို သဘောမထားဘဲ

တိုက်ပွဲတစ်ခုတည်းက သူရဲကောင်းလို နေထိုင်ပါ။

ကြီးကျယ်ခမ်းနားသူတွေဆီက ရရှိတဲ့ အသိတရားတွေက

ငါတို့ တွေဟာ ကိုယ်ပိုင်ဘဝတွေကို မြင့်မားတိုးတက်အောင်

လုပ်ဆောင်နိုင်တယ်ဆိုတာပဲ။

အချိန်လို မတည်မြဲတဲ့ သဲသောင်ပြင်ပေါ်က ခြေရာတွေကို

ငါတို့ တွေ ချန်ထားခဲ့ရမယ်။

ဆက်သွားရမယ့် ခြေလှမ်းတွေကို ဦးတည်လို့

အထီးကျန်မှုတွေ ဆုံးရှုံးခဲ့ရတာတွေကို နောက်ချန်ရစ်ပြီး

နှလုံးသားမှာ အင်အားတွေကို ပြန်လည်ဖြည့်ဆည်းလိုက်ပါ။

**(ဟင်မရီဝါဒ်ဝါသ် လောင်းဖဲလိုး)**

## တရားသူကြီးချုပ်ဟောင်း
## အမ်၊ အင်န် ဗင်ကာတာ ချာလီယာ၏ အမှာ စာ

ဆိုကရေးတီးကို နေဝင်ချိန်၏ နောက်ဆုံးရောင်ခြည်တန်းများ ဖြင့် စူးရှ တောက်ပနေသည့် တောင်ထိပ်နှင့် ခိုင်းနှိုင်းကြ၏။ ၎င်းသည် အချိန်ဟူသော မြူနှင်းများကြားတွင် ပျောက်ဆုံးခဲ့ခြင်းက အမှန်တရားသည် ခွန်အားရှိမှုက လူသားတို့ ၏ စိတ်နှလုံးတွင် ထာဝရ တည်ရှိနေဦးနေမည်ဟု ဆိုကြ၏။ ဂန္ဒီသည် လည်း အမှန်တရားဟူသော ဝင်းလက် ထွန်းလင်းသည့် တောင်ထိပ်ကဲ့သို့ ထာဝရ တည်တံ့မည်သာ ဖြစ်သည် ။ သူ၏ ပညာတတ် မြေးဖြစ်သူ ရပ်ချ်မိုဟန်ဂန္ဒီက ထိုအတွေးအခေါ်ကို လှပစွာ ဖော်ထုတ်ခဲ့၏။

"ထူးဆန်းသော်လည်း ဉာဏ်ပညာရှိ၏။ အခက်အခဲများ စွာ ရှိခဲ့၏။ သူကိုယ်တိုင်လည်း အခက်အခဲဆုံးများ ရှိခဲ့၏။ သို့သော် သစ္စာတရားတွင် ထူးခြားစွာ တောက်ပနေ၏။ ချစ်ခြင်းမေတ္တာဖြင့် စိတ်ရှည် သည်းခံခဲ့၏။ လူသားတို့ ၏ ဒုက္ခဝေဒနာများကို ပြေပျောက်ရန် သူ့ဘဝကို လောင်စာအဖြစ် အပြီးထွန်းညှိပေးခဲ့၏။ တစ်ခါတစ်ရံခေါင်းမာကောင်း ခေါင်းမာရင်း သူ့ဘာသာသူ အပူဘေးအန္တရာယ်တွေ ဖြတ်သန်းရ၏။ ဂန္ဒီသည် ထိုအရာအားလုံး ပေါင်းဆုံနေ၏။ သူကား အိန္ဒိယ၏ ထူးချွန်သော လှေထိုးသမားကောင်းကြီး၊ နှစ်ဆယ်ရာစုတစ်လျှောက်လုံးတွင်

ကမ္ဘာအနှံ့ ထွန်းလင်း တောက်ပစေခဲ့သော စိတ်ဓာတ်မီးပွားပိုင်ရှင်"

ဂန္ဒီ၏ အတ္ထုပ္ပတ္တိရေးသူ လူဝီဖစ်ရှာက ဗိုလ်ချုပ်ကြီးအိုမာ ဘရက်ဒလေပြောသော စကားကို ကိုးကားပြောခဲ့၏။

"ကျွန်တော်တို့ မှာ သိပ္ပံပညာထူးချွန်သူ အများကြီးရှိခဲ့တယ်။ ဒါပေမဲ့ ဘုရားရှင်နဲ့ ပတ်သက်သူတော့ သိပ်ကိုနည်းတယ်။ ကျွန်တော်တို့ က အနုမြူရဲ့ ဆန်းကြယ်မှုကို ဆုပ်ကိုင်ကြပြီး တောင်ထိပ်က တရားဒေသနာကိုတော့ ပယ်ရှားကြတယ်။ ဂန္ဒီက အနုမြူရဲ့ ဆန်းကြယ်မှုကို ပယ်ရှားပြီး တောင်ထိပ်က ဒေသနာကို ဆုပ်ကိုင်ခဲ့တယ်။ သူက အနုမြူနဲ့ ပတ်သက်လို့ သူငယ်နှပ်စားကလေးပဲ။ စာရိတ္တပိုင်းဆိုင်ရာ အနေနဲ့ တော့ ဧရာမပုဂ္ဂိုလ်ကြီးပဲ။ သူက သတ်တာဖြတ်တာကို မသိဘူး။ နှစ်ဆယ်ရာစုထဲမှာ အသက်ရှင်နေထိုင်ခြင်းကိုတော့ သိတဲ့ ပုဂ္ဂိုလ်ပဲ"

"အကြမ်းမဖက်မှု ဘုရားဖူးခရီး" စာအုပ်တွင် မာတင်လူသာကင်း ဂျူနီယာက အခုလိုပြောခဲ့၏။

"လူသားတိုင်း အသက်ရှင်သန်ခွင့်ရှိသည် ဟု ကျွန်ုပ်တို့ ရှောင်ရှားရမည် ဖြစ်သည် ။ ယခုကဲ့သို့သော အာကာသနှင့် ဒုံးပျံခေတ်တွင် အကြမ်းမဖက်ရေးနှင့် ပျက်သုဉ်းရေး လမ်းနှစ်သွယ်ရှိရာ တစ်ခုခုကို ရွေးချယ်ရမည်ဖြစ်သည် "

၁၉၈၉-ခုနှစ် နိုဝင်ဘာလတွင် ချက်ကိုစလိုဗားကီးယားနိုင်ငံ၊ ပရာဟာမြို့ရှိ ဝင်ဆဲဆလပ်စ်ပန်းခြံ၌ ကျောင်းသားအများ စုပါသော ချီတက်သူ သောင်းပေါင်းများ စွာတို့ စုရုံးကြကာ သူတို့ နိုင်ငံကို ကျူးကျော်သူ ဆိုဗီယက်တို့ ကို ဆန္ဒပြ ထုတ်ဖော်ကြသည် ။ သူတို့ က ပန်းများကို ပွေ့ပိုက်သယ်ဆောင် ဖယောင်းတိုင်များ ကိုင်ဆောင်၊

အလံများ ဝှေ့ယမ်းကြသည် ။ သူတို့ ကို အဓိကရုဏ်းရဲများက နှိမ်နင်းသောအခါ သူတို့ ခေါင်းဆောင် ဗက်ကလပ်စ်ဟာဗဲလ်က ဂန္ဒီ၏ ထုံးကို နှလုံးမူကာ ဆန္ဒပြသူများကို အကြမ်းဖက်မှုမှ ရှောင်ကြဉ်ရန် အလေးအနက်တိုက်တွန်းခဲ့၏။ သူတို့ က ငြိမ်းချမ်းစွာ ပန်းခြံထဲတွင် ထိုင်ကြ၏။ ပန်းခြံကို ဦးတည်လာသော လမ်းအားလုံးတို့ တွင် သားချော့သီချင်းများကို ငါးရက်လုံးလုံး သီဆိုကြ၏။ ဤသည် က အလုပ်ဖြစ်ပြီး ချက်လူမျိုးတို့ ကို သူတို့ ၏ ကတ္တီပါတော်လှန်ရေး ပေးရတော့၏။ ဟာဗဲလ်က ဤပုန်ကန်မှုသည် မုသားကို သစ္စာတရားက တိုက်ခိုက်ခြင်း၊ သန့်စင်မှုက မသန့်စင်မှုများကို တိုက်ခိုက်ခြင်း၊ လူသားနှလုံးသားက အကြမ်းဖက်မှုကို တိုက်ခိုက်ခြင်း ဖြစ်သည် ဟု ဟစ်ကြွေးခဲ့၏။

ဂန္ဒီ၏ အတွေးအခေါ်များ သည် ယနေ့ထက်တိုင် ဆီလျော်နေပါသေးလား ဟူသည့် မေးခွန်းကို ကမ္ဘာကြီးကို ယိုယွင်းမှု၏ ကျွန်ပြုခံနေရသော သူများက မေးကြ၏။ အသက်ရှင်ရန်အတွက် အသက်ရှူမှု အရေးကြီးသကဲ့သို့ ဂန္ဒီနှင့် မာတင်လူသာကင်းဂျူနီယာ- အကြမ်းမဖက် လှုပ်ရှားမှု၏ ဩဇာအာဏာ စာအုပ်ကို ရေးသားသူ မေရီအီးကင်း၏ စကားအရမူ ဂန္ဒီသည် အရေးကြီးတိုက်ပွဲကြီး ရှစ်ရပ်ကို ဦးဆောင်သူ ဖြစ်၏။ လူမျိုးရေးခွဲခြားမှု ဆန့်ကျင်ခြင်း၊ ကိုလိုနီဝါဒကိုဆန့်ကျင်ခြင်း၊ ဇာတ်ခွဲခြားမှုစနစ်ကို ဆန့်ကျင်ခြင်း၊ လူကြိုက်များ သော ဒီမိုကရက်တစ် ပါဝင်စေခြင်း၊ စီးပွားရေးခေါင်းပုံဖြတ်မှု ဆန့်ကျင်ခြင်း၊ အမျိုးသမီးများအား နှိမ့်ချဆက်ဆံခြင်းကို ဆန့်ကျင်ခြင်း၊ ဘာသာရေးနှင့် လူမျိုးရေးလွှမ်းမိုးကြီးစိုးမှုကို ဆန့်ကျင်ခြင်းတို့ နှင့် လူမှုရေးနှင့် နိုင်ငံရေးပြောင်းလဲမှုအတွက် အကြမ်းမဖက်နည်းများကို ကိုယ်စားပြုသူ

ဖြစ်၏။ နှိပ်စက်မှုများ ၊ မုန်းတီးမှုများ ၊ လူမျိုးစု သုတ်သင်ရေးများ ၊ ဘာသာရေးမတည်ငြိမ်မှုများ ၊ ပြည်တွင်းပဋိပက္ခများ ၊ စစ်ရေးကျူးကျော် ခြိမ်းခြောက်မှုများ ရှိနေသေရွေ့ လူများက ဂန္ဒီဘက်ကိုသာ လှည့်လာကြသည် ။ သူ၏ အသုံးဝင်မှုသည် ပဋိပက္ခများ မချုပ်ငြိမ်းသရွေ့ နိဂုံးချုပ်မည်မဟုတ်ဟု ဆိုရပေမည်။

လူ့အခွင့်အရေး နိုင်ငံတကာ ကြေညာစာတမ်း၏ အကြိမ်နှစ်ဆယ်မြောက်အတွက် လွတ်လပ်ရေးနှင့် ညီတူညီမျှရှိရေးစာတမ်းကို ရေးသူ နိုဘယ်လ်ဆုရှင် ပါမောက္ခ ရီနီဆယ်မြူသယ်အာဆင် (ပြင်သစ်ဂျူရီလူကြီးနှင့် လူ့အခွင့်အရေး ဥရောပတရားရုံး ဥက္ကဋ္ဌ)က သူ၏ စာတမ်းနိဂုံးချုပ်တွင် ယခုလို ရေးခဲ့၏။

"အကယ်၍ ကမ္ဘာကြီးက စည်းရုံးညီညွတ်မှုသို့ ရှေးရှုပြီး တိုးတက်လာလျှင် ၎င်းကို နည်းပညာက အလွန်အကျွံ အဆုံးအဖြတ်ပေးလိမ့်မည်။ လူသား၏ ဂုဏ်သိက္ခာနှင့် ပတ်သက်သည့် နိုင်ငံတကာ ကြေညာစာတမ်း၏ ပုဒ်မ (၁) ကို နားလည်သဘောပေါက်ဖို့က အရေးကြီးတကာ့ အကြီးဆုံး ဖြစ်၏။ လူ့သိက္ခာ သိစိတ်အတွက်လူသည် သူ၏ လွတ်လပ်မှုကို မမေ့မလျော့စွာ ကာကွယ်ရမည်။ မဟတ္တမဂန္ဒီက ဉာဏ်ပညာရှိစွာ ပြောကြားသကဲ့သို့ ဤလွတ်လပ်ခွင့်များကို အသုံးပြုကာ သူ၏ တာဝန်ပြည့်ဝမှု ပိုမိုရရှိရေးအတွက် အသုံးပြုရမည်။ ၎င်းကို လူသားများ အတွက် ညီမျှရေးနှင့် ညီရင်းအစ်ကိုပမာဖြစ်ရေးကို လုပ်ဆောင်ပေးရမည်"

မစ္စတာပါစကယ် အယ်လင်နာ ဇာရက်သ်သည် ကြီးကျယ်လှစွာသော စာရိတ္တရတနာကြီးဖြစ်သည့် မဟတ္တမဂန္ဒီကို

ခမ်းနားစွာ ဂုဏ်ပြုမှုကိုအားထုတ်ခဲ့ပါပြီ။ သူ၏ ယခုစာအုပ်တွင် ဂန္ဒီ၏ ခေါင်းဆောင်မှုကို ဆန်းစစ်သုံးသပ်ထား၏။ ဂန္ဒီ၏ အောင်မြင်မှုများကို တန်းစီရေးပြထားကာ သူ၏ ကျယ်ပြောလှသောအမြင်နှင့် အကျိုးသက်ရောက်မှုကို ခေတ်ပြိုင် ခေါင်းဆောင်များ နှင့် လူတစ်ဦးချင်းတို့ အား တင်ပြပြီး လက်ရှိအခြေအနေတွင် နောက်ထပ် မှတ်လောက်သားလောက် ပေးဆပ်မှုမျိုးများ ရှိစေရန် ကြိုးပမ်းခြင်း ဖြစ်ပါသည် ။

**အမ်၊ အင်န် ဗင်ကာတာ ချာလီယာ**
အောက်တိုဘာ ၂ ရက်၊ ၂၀၀၅

*****